International Labour Organization



Photo: Ping Non and Aye Aye Khin

# ကလေးအလုပ်သမားအရေးနှင့်

## သင်ဘယ်လိုကူညီနိုင်မလဲ။

**မြန်မာနိုင်ငံတွင် ကလေးသူငယ်၁၁ဦးတွင် ၁ဦး သည် ကလေးအလုပ်သမားအဖြစ်နှင့် ပိတ်မိနေပြီး ထိုကလေးအလုပ်သမားများထံမှ ထက်ဝက်သည် အန္တရာယ်ရှိသော အခြေအနေများကို တွေ့ကြုံနေကြရသည်။**

ကလေးအလုပ်သမားဖြစ်ခြင်းသည် ကလေးများအား ပညာသင်ကြားမှု မရနိုင်ပါ၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးမှုကို ထိခိုက်စေရုံမျှမက အသက်အန္တရာယ် ရှိနိုင်သည်၊ ကလေးများ၊ ရပ်ရွာလူထုများနှင့် နိုင်ငံ တိုးတက်ရေးကို အတားအဆီးဖြစ်စေသည်။ ထို့အပြင် ကလေး အလုပ်သမားဖြစ်စေခြင်းသည် တရားဥပဒေကိုဆန့်ကျင် ချိုးဖောက်သည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (အိုင်အယ်လ်အို)မှ ကလေးသူငယ်များနှင့် မြန်မာနိုင်ငံ အတွက် ပိုမိုတောက်ပသော အနာဂတ်တစ်ခုရှိကြောင်းကို ကျွန်ုပ်တို့ယုံကြည်သည်။ ကလေးအလုပ်သမား ပပျောက်ရေးကို အရေးတကြီး ဆောင်ရွက်ရန် လိုအပ်သည်။

ကလေးအလုပ်သမားအရေးနှင့် သင်ဘယ်လိုကူညီပံ့ပိုး နိုင်မည် ကို လေ့လာသိရှိရန် ဆက်ဖတ်ကြည့်ပါ။

ကိန်းဂဏန်းအချက်အလက်များ

# မြန်မာနိုင်ငံရှိ ကလေးအလုပ်သမား

ကမ္ဘာပေါ်တွင် ကလေးသူငယ်ပေါင်း **သန်း၁၆၀** သည် ကလေးအလုပ်သမား အဖြစ် ပိတ်မိနေကြသည်။

မြန်မာနိုင်ငံတွင် အသက်၅နှစ်မှ ၁၇နှစ် အရွယ် ကလေးသူငယ် **၁.၁၃သန်း**သည် ကလေးအလုပ်သမား ဖြစ်နေသည်။

မြန်မာနိုင်ငံမှ ကလေးအလုပ်သမားများ၏ **ထက်ဝက်ခန့်**သည် အန္တရာယ်ရှိသော အလုပ်များကို လုပ်ကိုင်ကြရသည်။

မြန်မာနိုင်ငံတွင် ကလေးအလုပ် သမားများ ထဲမှ အသက်၁၂နှစ်မှ ၁၇နှစ်အရွယ်များ၏ **လေးပုံတစ်ပုံသည်** တစ်ပတ်လျှင် **နာရီ ပေါင်း ၆၀ ကျော်** အလုပ်လုပ်ကြရသည်။

မြန်မာနိုင်ငံ၏ **ကျေးလက်ဒေသများ** တွင် ကလေးအလုပ်သမား ဖြစ်ပွားမှု ပို များသည်။

နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် ကလေး အလုပ်သမား ပပျောက်ရေး ဝိုင်းဝန်း ကြိုးပမ်းမှုများတွင် နှောင့်နှေး ကြန့်ကြာမှု များ ဖြစ်ပေါ်စေခဲ့သည်။

ကလေးအလုပ်သမားများသည် အဓိကအားဖြင့် **စိုက်ပျိုးရေး (၆၁%)၊ ကုန်ထုတ်လုပ်မှု (၁၂%)နှင့် အရောင်းအဝယ် ကုန်သွယ်ရေး (၁၁%)** ကဏ္ဍများတွင် များပြားသည်။

မြန်မာနိုင်ငံတွင် မိန်းကလေးများသည် အိမ်မှုကိစ္စများ၏ ဝန်ကို ပိုမိုကြီးမားစွာ ထမ်းရွက်ကြပြီး အသက်၅နှစ်မှ ၁၁နှစ် အရွယ် မိန်းကလေးများ၏ **၉၀%**သည် တစ်ပတ်လျှင် တစ်နာရီ အိမ်အလုပ် လုပ်ကြရသော်လည်း ယောကျ်ားလေး များသည် **၃၄%**သာ ကူပေးသည်။

အိုင်အယ်လ်အိုမြန်မာရုံးနှင့် မိတ်ဖက် အဖွဲ့အစည်းများသည် သုံးနှစ်တာ ကာလအတွင်း စံပြနယ်မြေသုံးနေရာ တွင် ကလေးအလုပ်သမားများကို **၅၅% လျှော့ချ**ပေးခဲ့သည်။

**ကိုဗစ်-၁၉** ကမ္ဘာ့ကပ်ရောဂါကြောင့် အိမ်ထောင်စုများ စီးပွားရေးအခက်အခဲ များ ပိုမိုကြုံတွေ့ကြရသဖြင့် ကလေး အလုပ်သမားဦးရေတိုးမြင့်လာမည့် အန္တရာယ် ရှိသည်။

*Sources: Child Labour: Global estimates 2020/ COVID-19 and Child Labour: A Time of Crisis, a Time to Act/ Myanmar Labour Force Survey 2015*

# ကလေးအလုပ်သမားဆိုတာဘာလဲ။

## ကလေးအလုပ်သမားဆိုသည်မှာ

- ကလေးသူငယ်များအား ၎င်းတို့ ကလေးဘဝ၊ အလားအလာနှင့် ဂုဏ်သိက္ခာ ဆုံးရှုံးစေသော အလုပ် သို့မဟုတ်
- ကလေးသူငယ်များ၏ ရုပ်ပိုင်း၊ စိတ်ပိုင်း သို့မဟုတ် ကိုယ်ကျင့်တရားဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက် အန္တရာယ်ပေးသော အလုပ် သို့မဟုတ်
- ကျောင်းမတက်နိုင်အောင် ဟန့်တားခြင်း၊ ပညာရေးကို စောစောရပ်လိုက်ရခြင်း သို့မဟုတ် ကျောင်းတက်ခြင်းနှင့်အတူပြင်းထန်သောအလုပ်ကို အချိန်ကြာမြင့်စွာလုပ်ရခြင်းဖြင့် ကလေးသူငယ်များ၏ ပညာရေးကို အနှောင့်အယှက်ပေးသော အလုပ်လုပ်ရခြင်းဖြစ်သည်။

**မြန်မာနိုင်ငံတွင် တရားဥပဒေနှင့်အညီ အလုပ်စတင် လုပ်နိုင်သော အနိမ့်ဆုံးအသက်မှာ ၁၄ နှစ် ဖြစ်သည်။**

### သင်... ဒါတွေကို သိပါသလား။

မြန်မာနိုင်ငံသည် ကလေးအလုပ်သမားဆိုင်ရာ အခြေခံကျသော အပြည်ပြည်ဆိုင်ရာ အလုပ်သမားပြဋ္ဌာန်းချက်နှစ်ရပ်လုံးကို လက်မှတ်ရေးထိုးထားသည်။ အဆိုးရွားဆုံးသောပုံစံများဖြင့် ကလေးအလုပ်သမား ခိုင်းစေခြင်းဆိုင်ရာ ပြဋ္ဌာန်းချက် (အမှတ် ၁၈၂)ကို ၂၀၁၃ခုနှစ်နှင့် အလုပ်လုပ်နိုင်သည့်အနိမ့်ဆုံး အသက် သတ်မှတ်ချက်ဆိုင်ရာ ပြဋ္ဌာန်းချက် (အမှတ်၁၃၈)ကို ၂၀၂၀ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ထို့အပြင် အဓမ္မလုပ်အား ခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက် (အမှတ် ၂၉)ကို ၁၉၅၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။



Photo: Sandar Lin

**ကလေးသူငယ်များအပေါ် တစ်သက်တာ စိတ်ဒဏ်ရာနှင့် ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု ဖြစ်စေနိုင်သော အဆိုးရွားဆုံးသော ပုံစံဖြင့် ကလေးအလုပ်သမား ခိုင်းစေမှု ပပျောက်ရေးသည် အလွန်အရေးကြီးသော ဦးစားပေးလုပ်ငန်းတစ်ခု ဖြစ်သည်။ ဤသို့ဆိုလျှင် အောက်ပါတို့ အကျုံးဝင်သည်**

- ကလေးသူငယ်များအား ရောင်းစားခြင်းနှင့် လက်နက်ကိုင် ပဋိပက္ခတွင် ကလေးများကို အသုံးပြုခြင်း အပါအဝင် ကျေးကျွန်ပြုသော ပုံစံများအားလုံး၊
- ပြည့်တန်ဆာလုပ်ငန်း သို့မဟုတ် ညစ်ညမ်းရုပ်ပုံစာပေအတွက် ကလေးတစ်ဦးကို အသုံးပြုမှု၊
- မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းဝယ်ဖောက်ကားခြင်း ကဲ့သို့သော တရားဥပဒေကို ချိုးဖောက်သော လုပ်ငန်းများတွင် ကလေးတစ်ဦးကို အသုံးပြုခြင်း၊
- ကလေးသူငယ်များ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံမှု၊ ကိုယ်ကျင့်တရားနှင့် အသက်ကို အန္တရာယ်ပြုနိုင်သော အလုပ်။

**မြန်မာနိုင်ငံတွင် အသက်၁၈နှစ်အောက် ကလေးများအား အန္တရာယ်ရှိသော အလုပ် မည်သည့်ပုံစံမျိုးတွင် ဖြစ်စေ၊ ခိုင်းစေခြင်းသည် တရားဥပဒေကို ချိုးဖောက်ခြင်း ဖြစ်သည်။**

# မြန်မာနိုင်ငံမှ ဥပဒေများ

မြန်မာနိုင်ငံတွင် သီးခြား ကလေးအလုပ်သမားဥပဒေတစ်ရပ် မရှိသော်လည်း ကလေးများအား ၂၀၁၉ခုနှစ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေ၊ ၂၀၁၄ခုနှစ် ပညာရေးဥပဒေ၊ ၂၀၁၆ခုနှစ် အလုပ်ရုံများ အက်ဥပဒေ နှင့် ၂၀၁၆ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေစသည့် အမျိုးသားဥပဒေများသာမက အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံး အသက်ဆိုင်ရာ ပြဋ္ဌာန်းချက် (အမှတ်၁၃၈)၊ အဆိုးရွားဆုံးသော ပုံစံများဖြင့် ကလေးအလုပ်သမား ခိုင်းစေမှုဆိုင်ရာ အလုပ်သမားပြဋ္ဌာန်းချက် (အမှတ်၁၈၂)၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်နှင့် များစွာသော နိုင်ငံတကာ ဥပဒေများမှ ကာကွယ်ပေးထားသည်။


Photo: Ye Naing and Yan Moe Naing

သင်ဒါတွေကို .... သိပါသလား။

ကလေးအလုပ်သမား ခိုင်းစေခြင်းကို တွေ့လျှင် ဖြစ်စေ၊ အလုပ်တွင် ကလေးတစ်ဦး အခြေအနေကို စိုးရိမ်လျှင် ဖြစ်စေ၊ သင့်ဒေသအတွင်းရှိ အလုပ်သမားအဖွဲ့အစည်းသို့မဟုတ် အရပ်ဘက်လူမှုအဖွဲ့အစည်းသို့ သတင်းပေး တိုင်ကြားနိုင်သည်။

# အပြောင်းအလဲအတွက် လက်တွဲဆောင်ရွက်ကြပါစို့

အခြားသော ပြဿနာများစွာအလယ် ဆင်းရဲနွမ်းပါးခြင်း၊ အရည်အသွေးမြင့်မားသော ပညာရေး ရွေးချယ်ပိုင်ခွင့်များ မရှိခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် ကလေးအလုပ်သမားသည် ခက်ခဲရှုပ်ထွေးသော ပြဿနာတစ်ရပ် ဖြစ်သည်။

သို့သော် အပြောင်းအလဲအတွက် အရှိန်အဟုန်ကို တည်ဆောက်နေသည်။ မြန်မာနိုင်ငံတွင် အသက်၁၄နှစ်အောက် ကလေးသူငယ်များအား အလုပ်လုပ်ခြင်းမှ ကာကွယ်ပေးရန် ဥပဒေသစ်များကို မကြာသေးမီက ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၉ခုနှစ်တွင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ချမှတ်ခဲ့သည်။

ကမ္ဘာတဝှမ်းရှိ နိုင်ငံများသည် ကလေးအလုပ်သမား ပပျောက်ရေးအတွက် ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာနှစ်အဖြစ် ၂၀၂၁ခုနှစ်ကို သတ်မှတ်ခဲ့သည်။

လူတိုင်းသာ မိမိတို့ပါဝင်ရမည့် အခန်းကဏ္ဍကို ဆောင်ရွက်ပါလျှင် မြန်မာနိုင်ငံ၏ ရင်နှစ်သည်းချာ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ရန် စစ်မှန်သော အခွင့်အလမ်းတစ်ခု ရှိသည်။



Photo: Ping Non and Aye Aye Khin

- မိဘများသည် ပညာရေးကို တန်ဖိုးထားပြီး သားသမီးများ ကြီးပွားတိုးတက်နိုင်မည့် အခွင့်အလမ်းတစ်ခုရရန် ပညာသင်ပေးသင့်သည်။
- ကျောင်းစောထွက်နိုင်ခြေရှိသော ကလေးများကိုယ်စား ဆရာ၊ဆရာမများက ပညာဆက်သင်နိုင်ရေး တောင်းဆို ပြောပေးနိုင်သည်။
- ရပ်ရွာလူထုခေါင်းဆောင်များသည် ကလေးအလုပ်သမား ခိုင်းစေခြင်းနှင့် ပတ်သက်သော အမည်းစက်၊ နာမည်ပျက်ခြင်းကို ဖယ်ရှားရန် ကူညီပေးနိုင်ပြီး သူတို့၏ ဒေသတွင်းဩဇာတိက္ကမကို အသုံးပြု၍ ကလေးများအတွက် တိုက်တွန်း စည်းရုံး လှုံ့ဆော်ပေးနိုင်သည်။
- အလုပ်ရှင်များသည် ဥပဒေကို သေချာစွာ လိုက်နာကျင့်သုံးရမည်။
- အလုပ်သမားအဖွဲ့အစည်းများသည် ကလေးအလုပ်သမားအဖြစ် ခိုင်းစေခံရနိုင်သော ထိခိုက်နစ်နာလွယ်သော ကလေးသူငယ်များသာမက ဥပဒေအရ အလုပ်လုပ်နိုင်သော အသက်အရွယ်ဖြစ်၍ လက်ရှိ အလုပ်လုပ်နေသော လူငယ်များကိုပါ ကာကွယ်စောင့်ရှောက်သင့်သည်။
- လွှတ်တော်ကိုယ်စားလှယ်များ စသည့် ဥပဒေရေးဆွဲသူများသည် ဥပဒေများနှင့် လုပ်ဆောင်ချက်များမှတဆင့် ကလေးများ၏ အနာဂတ်များကို ထောက်ကူပံ့ပိုးပေးမည့် ရည်မှန်းချက်ကြီးမားပြီး ပွင့်လင်းမြင်သာမှုရှိသော လွှတ်တော် ဖွဲ့စည်းမှုစနစ်ဖြင့် ဦးဆောင်မှုပေးနိုင်သည်။

အိုင်အယ်လ်အိုသည် ဤကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးပေးရန် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ ပေးရန်နှင့် ကျေးရွာမှသည် ကမ္ဘာ့အဆင့်အထိ အပြောင်းအလဲတစ်ခုအတွက် တိုက်တွန်း စည်းရုံး လှုံ့ဆော်အား ကူညီပေးရန် အသင့်ရှိနေပါသည်။
သင့်အခန်းကဏ္ဍ မည်သို့ပင် ရှိသည်ဖြစ်စေ ကျွန်ုပ်တို့အားလုံး ဝိုင်းဝန်း၍ ပြောင်းလဲသွားအောင် လုပ်နိုင်ကြသည်။

## ကလေးအလုပ်သမားအဖြစ် ခိုင်းစေခြင်း တိုက်ဖျက်ရေးတွင် ပံ့ပိုးကူညီရန် ယခုပင် လှုပ်ရှားဆောင်ရွက်ကြပါစို့။

ပိုမိုသိရှိလိုပါက www.ilo.org/yangon/areas/childlabour တွင် လေ့လာနိုင်သလို၊
အိုင်အယ်လ်အို ၏ Facebook စာမျက်နှာကို Follow လုပ်ထားပါ။